# သိကြားတိုင်တေးထပ်နှစ်ပုဒ်မှဦးပုည၏ကဗျာဉာဏ်ရည်

ဌေးဌေးရီ

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် ဦးပုည၏ သိကြားတိုင်တေးထပ်နှစ်ပုဒ်ကို လေ့လာတင်ပြထားပါသည်။ တေးထပ်များတွင် အမြောက်အပင့်ဘွဲ့များ၊ အချစ်ဘွဲ့များ၊အမုန်းဘွဲ့များ၊ သံဝေဂဘွဲ့များကို အပြိုင်အဆိုင်ရေးဖွဲ့လေ့ရှိပါသည်။ သိကြားတိုင်တေးထပ်များသည် အခြားတေးထပ်များနှင့် မတူဘဲခေတ်အရိပ်ထင်ဟပ်ချက်များ၊ ဆင်းရဲ ကျပ်တည်းသော တိုင်းသူပြည်သားများ၏ ဘဝကို အခြေအနေများကို တင်ပြထားပါသည်။ ထိုအခြေအနေများကို ပေါ်လွင်ထင်ရှားအောင် ဖွဲ့ဆိုနိုင်သော စာဆိုဦးပုည၏ ကဗျာဉာဏ်ရည်ကို ဝေဖန်ဆန်းစစ်ရန် ရည်ရွယ်ပါသည်။

**သော့ချက်စကားလုံးများ** – သိကြားတိုင်၊ လူ့ပြည်၊ နတ်ပြည်၊ လောကဓံ၊ ဘဝအခက်အခဲ။

## နိဒါန်း

တေးထပ်သည် အကြေးအထပ်များဖြင့် ရေးဖွဲ့ရသော တေးကဗျာတစ်မျိုးဖြစ်သည်။ အထူးသဖြင့် မန္တလေးခေတ်ဟုခေါ်သော ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် တေးထပ်များ ထွန်းကားခဲ့သည်။ ထိုခေတ်တွင် စာဆိုတို့သည် တေးထပ်များကို အပြိုင်အဆိုင်ဖွဲ့ကြသည်။ စာဆိုချင်း အပြိုင်အဆိုင် ဖွဲ့ကြခြင်းသည် ထိုခေတ်၏ လက္ခဏာတစ်ရပ် ဖြစ်သည်။ ထို့ကြောင့်ပင် ဦးပုည၊ အချုပ်တန်းဆရာဖေ၊ ဦးကြော့၊လှိုင်ထိပ်ခေါင်တင်စသည့် စာဆိုတို့သည် သူ့ထက်ငါ တေးထပ်များကို အပြိုင်အဆိုင် ဖွဲ့ဆိုလေ့ရှိသည်။ တေးထပ်အများဆုံး ရေးဖွဲ့သူမှာ ဦးပုည ဖြစ်သည်။ ဦးပုည၏ တေးထပ်များသည် ရင်ထဲကခံစားမှုနှင့် ရေးသည့်စာ ဖြစ်သည့်အတွက် သူ့စာများသည် ပြောင်မြောက်လှသည်။ ဦးပုည၏ဗီဇသည် စာပေမာနရှိသူ ဖြစ်သကဲ့သို့ ဟာသဗီဇလည်းရှိသူ ဖြစ်သည်။ လူ့လောက လူ့ဘဝကို မပိတ်သည့်နား၊ မပိတ်သည့်မျက်စိနှင့် ကြားသည်။ ကြည့်သည်။ မြင်သည်။ ထို့ကြောင့် ဦးပုည၏တေးထပ်များတွင် လူ့လောက အကြောင်းအရာ အစုံစုံကို တွေ့မြင်ရသည်။

ဦးပုညရေးသည့် တေးထပ်များတွင် မယ်ဘွဲ့၊ မောင်ဘွဲ့၊ မြှောက်ပင့်ဘွဲ့များ ပါသည်။ ဦးပုညသည် ပင်ကိုဉာဏ်ကလည်း တောက်ပပြီးမာနကလည်း မြောက်လွန်းသူ ဖြစ်သဖြင့် သူရေးသမျှ တေးထပ်များတွင် နှုပြီဆိုလျှင်လည်း သရဖူဆောင်းသည်။ ကြမ်းပြီဆိုလျှင်လည်း တံခွန် ထူအောင် ရေးသားနိုင်သူဖြစ်သည်။ တေးထပ်များတွင် အလှဘွဲ့၊ အချစ်ဘွဲ့၊ သစ္စာထားဘွဲ့၊ သံဝေဂဘွဲ့ တို့ကိုများစွာ တွေ့ရှိရသည်။ ထို့ပြင် သိကြားတိုင်တေးထပ် (၈)ပုဒ်ကို တွေ့ရသည်။ သိကြားတိုင် တေးထပ်များ၏ ထူးခြားချက်မှာ အခြားတေးထပ်များကဲ့သို့ ပြိုင်ဆိုင်မြှောက်ပင့် ရေးဖွဲ့ထားသည် မဟုတ်ဘဲ တိုင်းသူပြည်သားများ၏ ဆင်းရဲဒုက္ခကြုံတွေ့ရပုံ၊ ဘဝအခြေအနေများကို ဖော်ပြထားခြင်း ဖြစ်ပါသည်။ ထိုသိကြားတိုင် တေးထပ်ရှစ်ပုဒ်အနက် ‘ရှင်းလှည့်ပါ’ တေးထပ်နှင့် ‘တွေးချင့်ပါဦး’ တေးထပ်နှစ်ပုဒ်ကို လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။

---

တွဲဖက်ပါမောက္ခ၊ ဒေါက်တာ၊ မြန်မာစာဌာန၊ ဟင်္သာတတက္ကသိုလ်။

## တေးထပ်ဟူသည်

တေးထပ်ကို မြန်မာအဘိဓာန် (၂၀၀၈)တွင်

> "ဆယ့်ရှစ်ပိုဒ်ဖွဲ့ဆိုရသော ကဗျာတစ်မျိုး" (စာ − ၁၄၇)

ဟုဖွင့်ဆိုထားပါသည်။

ပုဂံဝန်ထောက်မင်းဦးတင်၏ ကဗျာဗန္ဓသာရကျမ်း(၂၀၁၃)တွင်

> "တေးထပ်ဟူသည်ကား တေးရိုးတွင် စပ်သောကြောင့် တေးထပ်ခေါ်သည်" (စာ−၅၅၀)

ဟုဖွင့်ဆိုထားသည်။

**တေးထပ်အမျိုးမျိုး**

တေးထပ်အကြောင်းကို ကဝိဘာရတီကျမ်းပေါင်းချုပ်တွင် ပုပ္ပားဦးကျော်ရင်က−

> "တေးထပ်ငယ်၊ တေးထပ်ကြီး (ထပ်ကွန့်တေးထပ်)၊ ရှစ်ဆယ်ပေါ် တေးထပ်၊
> သုံးချက်ညီတေးထပ် (ကိုယ်တွင်းပြည့်တေးထပ်)" (စာ−၂၂၇)

ဟူ၍ လေးမျိုးရှိသည်ဟု ဖော်ပြထားပါသည်။

## သီကြားတိုင်တေးထပ်များ၏ နောက်ခံအကြောင်းရင်း

ဦးပုညသည် မန္တလေးခေတ် (ကုန်းဘောင်ခေတ်နှောင်း) ၁၁၇၄−၁၂၂၈ထိ ထင်ရှားကျော်ကြားခဲ့သည့်စာပေပညာရှင်တစ်ဦး ဖြစ်ပါသည်။ မင်းတုန်းမင်းနှင့်ကနောင်မင်းတို့ထံ ခစားရသူ တစ်ဦး ဖြစ်ပါသည်။ ယခုလေ့လာတင်ပြမည့် သီကြားတိုင်တေးထပ်နှစ်ပုဒ်၏ စာပေနောက်ခံသည် မင်းတုန်းမင်း အုပ်စိုးနေချိန်ခေတ်ကာလကို အခြေပြု၍ ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

> "ဦးပုညသည် အသက် ၂၄နှစ် သက္ကရာဇ် ၁၁၉၈ ခုနှစ်တွင် အဖ ဦးမြတ်စံနှင့်
> အမိဒေါ်လှရင်တို့ နှစ်ဦးစလုံး အနိစ္စရောက်ကြသည်။" (စာ−၂၃၃)

သက္ကရာဇ် ၁၂၀၃ ခု အသက်၂၉ အရွယ်တွင် ရန်ကုန်မြို့သို့ သွားခဲ့သည်။ ၁၂၀၈ ခုနှစ် အသက်၃၄နှစ်တွင် မင်းတုန်းမင်းနှင့် ညီတော်ကနောင်မင်းထံတွင် ခစားထမ်းရွက်ခဲ့သည်။ ဦးပုည၏ဘဝတွင် ရဟန်းပြုလိုက်၊ လူထွက်လိုက်ဖြင့် ရှုပ်ထွေးနေခဲ့သည်။ မိဘမျိုးရိုးက သူကြီးမျိုးရိုး ဖြစ်သည့်အတွက် သူကြီးရာထူးရရန် သူကြီးဟောင်းဦးကြူနှင့် အမှုရင်ဆိုင်ရသည်။ စာပေအရာတွင်လည်းအချုပ်တန်းဆရာဖေနှင့် ယှဉ်ပြိုင်ရသည်။ မေတ္တာရေးရာတွင်ဦးသာအိုးနှင့် ရင်ဆိုင်ရသည်။ ဦးပုညသည် ဘဝလောကခံအမျိုးမျိုးနှင့်ကြုံဆုံရသည်။ လောကရေးရာများ နှံ့စပ်ကျွမ်းကျင်ပြီး လောကကြောင်းအရ သိသည်။ မြင်သည်။ တတ်သည်။ လူ့လောကအကြောင်း အရာအစုံစုံ၊ ဘဝအဖုံဖုံကို ကြုံတွေ့ရသည့်အလျောက် ဦးပုည၏တေးထပ်များတွင် အကြောင်းအရာမျိုးစုံကို တွေ့မြင်နိုင်ပါသည်။

ဦးပုညသည် မင်းတုန်းမင်းနှင့် ကနောင်မင်း အရှင်နှစ်ပါးလုံးအပေါ်တွင် သစ္စာတရား၊ မေတ္တာတရားဖြင့် အမှုတော်ကို ပြည့်ဝကုံလုံစွာ ထမ်းရွက်သည်။ ကနောင်မင်း၏ အမိန့်တော်အရ တေးထပ်များစွာ ရေးသားဆက်သွင်းရသကဲ့သို့ မင်းတုန်းမင်း၏အမိန့်တော်အရ ယိုးဒယားနိုင် မော်ကွန်း၊ ပဒုမပြဇာတ်၊ ရေသည်ပြဇာတ်တို့ကို ရေးသားဆက်သွင်းခဲ့ရပါသည်။ အမှုတော်တို့ကို ကျေပွန်စွာ ထမ်းရွက်ရင်း စာဆိုရေးဖွဲ့ခဲ့သည့်စာပေတို့မှာ ရသစုံလင်ပြီး နှစ်သက်ဖွယ် ရှိလှပါသည်။

ထို့ပြင် ဦးပုညသည် မင်းတုန်းမင်းလက်ထက်မင်းခစားတို့ကြောင့် တိုင်းပြည်စီမံ အုပ်ချုပ်ပုံ ယိုယွင်းညံ့ဖျင်းလာပုံကို သတိထားမိလာပါသည်။ အထက်မြန်မာပြည် မင်းတုန်းမင်း အုပ်ချုပ်သည့် အခြေအနေနှင့် အောက်မြန်မာပြည် အင်္ဂလိပ်အုပ်ချုပ်သည့် အခြေအနေနှစ်ခုကို နှိုင်းယှဉ် သုံးသပ်မိပြီး အားမလိုအားမရ ဖြစ်ခဲ့ပါသည်။ အရှင်သခင်များအပေါ်မှာလည်း ရဲရဲတင်းတင်း မလျှောက်ဝံ့သဖြင့် သိကြားတိုင်တေးထပ်ဖြင့် ကိုယ်စားပြုတိုင်တည်သည့်ဟန် ရေးဖွဲ့ခြင်း ဖြစ်နိုင်ပေသည်။

## သိကြားတိုင်တေးထပ်နှစ်ပုဒ်မှ စာဆို၏ ဉာဏ်ရည်

"သည်လူသည်ဘဝ" ချီသိကြားတိုင်တေးထပ်တွင် ဦးပုညသည် ပြည်သူများကိုယ်စား သိကြားမင်းကို တိုင်တည်ပြောကြားသည့် အကြောင်းအချက်များကို တွေ့ရပါသည်။

တင်ထွေး၏ ဦးပုည၏စာပန်းကုံးများ ဒုတိယတွဲ(၁၉၉၁)တွင် –

"သည်လူသည်ဘဝ ရှင်မာဃနေနိုင်" (စာ ၁၁၂)

ဟု တေးထပ်ကို စတင်ထားသည်။

သိကြားမင်းကို နေနိုင်ရက်လှသည်လားဟုခနဲ့သည့် လေသံဖြင့် စတင်ထားပါသည်။ စာဆိုက သိကြားမင်းကို အဘယ်ကြောင့် အပြစ်တင်ရပါသနည်း။ သိကြားမင်းသည် မည်သည့် အပြစ်များ ကျူးလွန်ခဲ့ပါသနည်း ဟူ၍ ကဗျာဖတ်သူ၏ အတွေးကို ဖြန့်ကျက်စေနိုင်ပါသည်။

"ကောဝိဠ ကြငှန်းမြိုင်မှာ ဝါဂွမ်းဆိုင်မတင်း" (စာ ၁၁၂)

ဟူ၍ သိကြားမင်းစံရာ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် တင်းမာခက်ထန်ခြင်း မရှိဘဲ ပုံမှန် အတိုင်း ငြိမ်ငြိမ်သက်သက် ရှိနေသဖြင့် သိကြားမင်း လူ့ပြည်အကြောင်းခြင်းရာများကို သိရှိခြင်း မရှိဘဲ နေနိုင်ခြင်း ဖြစ်မည်ဟု ဖွဲ့ပြသည်။နတ်ပြည်က မြကျောက်ဖျာသည် ထူးခြားမှုမပြပါဘဲနှင့် ပြည်သူတို့၏ဘဝ ထူးခြားပြောင်းလဲနေရခြင်း ဖြစ်ကြောင်း တင်ပြသည်။ ယခုမူ ယခင်နှင့် မတူပါဘဲ သိကြားမင်းနှင့်အတူ မြကျောက်ဖျာပါရော၍ လူ့ပြည်ကို ဂရုမစိုက်ဘဲ နေနိုင်ခြင်း ဖြစ်ကြောင်း အကြောင်းရင်းကို ဖော်ပြသည်။

သိကြားမင်းသည် လူ့ပြည်၏ ဖြစ်ပျက်ပြောင်းလဲပုံကို ဂရုမပြုဘဲ မြကျောက်ဖျာကလည်း သတိမပေးဘဲ အေးဆေးငြိမ်သက်နေသည့်အခါ စာဆိုဦးပုည၏စိတ်ထဲတွင် မချင့်မရဲဖြစ်လာပါသည်။ ထို့ကြောင့်ပင်–

"ကိုယ်ရေးနှင့်ကိုယ်တာ၊ သွေဖည်ကာ ရှောင်ကွင်း" (စာ –၁၁၂)

ဟူ၍ သိကြားမင်းသည် ကိုယ်ရေးကိုယ်တာကိစ္စများ ဆောင်ရွက်နေရသောကြောင့် လူ့ပြည်က ပြည်သူပြည်သားများ၏ အမှုကိစ္စကို သွေဖည်ကာ လျစ်လျူရှု ရှောင်ကွင်းနေရခြင်းဖြစ်မည်ဟု အခြေအနေကို သုံးသပ်ပြပါသည်။

ဦးပုညက သိကြားမင်းကို လူ့ပြည်သို့ မရမကဖိတ်ခေါ်ပါသည်။ လူ့ပြည်သို့ တစ်ခေါက် လေးပဲဖြစ်ဖြစ် ဆင်းပြီးလူ့ပြည်က အမှုကိစ္စများကို ချက်ချင်းပင် ဖြေရှင်းပေးစေလိုကြောင်း

"လူ့ဘုံတစ်ခါဆင်းလို့ ရှင်းလိုက်ပါ့ခုနော်" (စာ ၁၁၂)

ဟု ဆန္ဒကို ဖော်ထုတ်လိုက်ပါသည်။

လူ့ဘုံလူ့လောကတွင် ပြည်သူပြည်သားများ ဒုက္ခရောက်ကာ ဆင်းရဲတွင်းနက်နေကြပုံကို နေနိုင်အားလှချည်လား ဟုအပြစ်တင်ပြီး အမှုကိစ္စများ ရှင်းလင်းဖြေရှင်းပေးစေလိုကြောင်း ချိတ်ဆက် တင်ပြပါသည်။

ဦးပုညက သိကြားမင်းကို လူ့ပြည်သို့ဆင်းစေလိုခြင်းမှာ အဘယ်ကြောင့်နည်း။ စာဖတ်သူများကလည်း သိချင်စိတ်ပြင်းပြလာပါသည်။ ဆင်းစေချင်သည့် အကြောင်းရင်းကို စာဆိုက ဆက်လက် တင်ပြပါသည်။

"လောကခံ တစ်ဖန်မျောချည်ပေါ့၊ လံကဆော မောဟိုက်လို့ပေါ်" (စာ ၁၁၂)

ဟု ပြည်သူတို့၏ ဆင်းရဲကျပ်တည်းသော၊ ပင်ပန်းနွမ်းနယ်သော အဆိုးလောကခံများကြောင့် မောဟိုက်နေကြရပုံကို ဖော်ထုတ်လိုက်ပါသည်။ ပြည်သူတို့ ကြောက်ရွံ့ပြီး စိတ်အားငယ်ဝမ်းနည်းနေရပုံကို ပေါ်လွင်စေပါသည်။ ပြည်သူများ၏ဘဝသည် စီးပွားရေးကျပ်တည်း၍လား၊ အုပ်ချုပ်ရေးမတည်ငြိမ်၍လား မသိနိုင်တော့ပါ။ အနိဋ္ဌာရုံလှိုင်းလုံးကြီးများအောက်တွင် မျောပြီးရင်းမျောပါနေကြရသည့်သဘောကို ပေါ်လွင်အောင်ဖွဲ့ပြပါသည်။ ပြည်သူတို့၏ ပင်ပန်းဆင်းရဲ ကျပ်တည်းသည့် ဘဝကို ခံစားနားလည်ကာ မြင်သာအောင် ရေးဖွဲ့ထားသည်။ အဆိုးလောကခံ လှိုင်းလုံးကြီးက ပြည်သူများကို ဖုံးလွှမ်းနှိပ်စက်လျက်ရှိသော်လည်း သိကြားမင်းက ကူညီစောင့်ရှောက်ခြင်း မရှိပုံကို–

"ထောင်မျက်စိပီပီနေဘိ မှုန်သီတော်မူရော့ထင့်၊

ဘယ်တော့မှ အိုပိုင်ပိုင် ဖုန်းရှုတော့နိုင်" (စာ ၁၁၂)

ဟူ၍ တစ်ထောင်သော မျက်စိကို ပိုင်ဆိုင်ထားသော သိကြားမင်းသည် အားလုံးကို မြင်သိပြီး ကူညီစောင့်ရှောက်သင့်ပါလျက် ယခုမူ မမြင်ချင်ယောင်ဆောင်ပြီး လူ့ပြည်ကို လျစ်လျူရှုထားခြင်းမှာ မသင့်လျော်ပါဟု ဆိုလိုက်ပါသည်။

"သည်လောက်တောင် အပျင်းနိုင်လျှင်

တံခွန်တိုင် သိကြားထင့်လေး" (စာ ၁၁၂)

ဟူ၍ သိကြားမင်းသည် ပြည်သူတို့၏ အရေးထက် မိမိ၏ ကိုယ်ရေးကိုယ်တာကို ဦးစားပေးကာ ရှောင်လွှဲနေပုံကို အပြစ်တင်သံဖြင့် ရေးဖွဲ့ပြသည်။ လူ့ပြည်ကိစ္စများကို ဖြေရှင်းပေးနိုင်သူမှာ သိကြားမင်းသာ ဖြစ်သည်။ သိကြားမင်းကို ပြည်သူပြည်သားများက ချစ်ခင်အားကိုး ပါသော်လည်း မျက်စိမှုန်သီဝေနေ၍လား၊ နတ်စည်းစိမ်ခံစားပြီး အပျင်းထူကာ အလုပ်မလုပ်ချင်၍လားမသိ လူ့ပြည်ကိုမေ့ထားခဲ့ပါသည်။ ထို့ကြောင့်သိကြားမင်းသည် သိကြားအစစ်မဟုတ်ဘဲ တံခွန်တိုင်တွင် ရှိသောအရုပ်သိကြားဖြစ်နေ၍သာ လူ့ပြည်ရှိအမှုကိစ္စများကို မဆောင်ရွက်ခြင်းဖြစ်ကြောင်း သရော်ကာ ဖွဲ့ပြလိုက်ပါသည်။

ဦးပုည၏ ရှင်းလှည့်ပါဦး တေးထပ်အစတွင် တောင်းပန်သံ၊ ဖိတ်ခေါ်သံနှင့် စသော်လည်း တေးထပ်အဆုံးတွင် အပြစ်တင်သံ၊ သရော်သံ၊ ခနဲ့သံနှင့် အဆုံးသတ်ထားပါသည်။

ဦးပုညသည် စိတ်ကူးကောင်းသူဖြစ်သည့်အတွက် သူရွေးချယ်သုံးနှုန်းသည့် စကားလုံးသည်လည်း ထူးခြားကောင်းမွန်လှပါသည်။ ကဗျာဉာဏ်အာဘော်ကလည်း ကလော်တိုင်းထွက်သည်ဟု ဆိုရလောက်အောင် အတွေးနက်လှပါသည်။ သိကြားမင်းသည် ကိုယ်ရေးကိုယ်တာကိစ္စများ ဆောင်ရွက်နေသဖြင့် လူ့ပြည်ကို ဂရုမစိုက်ဘဲနေပုံကို–

"သွေဖည်ကာ ရှောင်ကွင်း"

ဟူသော စကားလုံးငါးလုံးက ဖော်ပြပါသည်။ ပြည်သူတို့၏ ဘဝဒုက္ခကို မေ့လျော့လျစ်လျူရှုနေသည့် သိကြားမင်း၏ အပြုအမူကို ထင်ရှားပေါ်လွင်စေသည့် အသုံးကောင်း ဖြစ်ပါသည်။

"လောကခံတစ်ဖန်မျောချည်ပေါ့ လံကဆော မောဟိုက်လို့ပေါ်" (စာ ၁၁၂)

ဟူသော အသုံးမှာ "တစ်ဖန်မျော" ဟူသည် ယခင်ကလည်းမျောဖူးပြီး ယခုလည်း ဘယ်ဆီ ဘယ်ဝယ် မသိမျောပါရဦးမည်ဖြစ်ကြောင်း ထင်ရှားစေပါသည်။ လောကခံ လံကဆော ဟူသည့် စကားလုံးကို

ဝိပ္ပလ္လာသ ပြောင်းပြန်သုံးနှုန်းကာ ဘဝတွင် အဆိုးလောကခံညကြုံရပုံများကို ပေါ်လွင်စေပြီး အကြောင်းအရာနှင့် ညီညွတ်လိုက်ဖက်လှပါသည်။

"မျောချည်ပေါ့ မောဟိုက်လို့ပေါ်" ဟူသောအသုံးတို့ကလည်း လောကခံလှိုင်းလုံးများကြား နစ်မွန်းနေကြရသည့် ပြည်သူများ၏ဘဝကို ပေါ်လွင်ထင်ရှားစေပါသည်။ ဦးပုညသည် စကားလုံးတွဲစပ်သုံးနှုန်းရာမှာလည်း အသုံးအနှုန်းကျွမ်းကျင်သူဖြစ်ပါသည်။ သိကြားမင်းလူ့ပြည်ကို လျစ်လျူရှုနေပုံကို "နေနိုင်၊ သွေ့ဖယ်၊ ရှောင်ကွင်း၊ မှုန်သီ"ဟူ၍ စကားလုံးတွဲစပ်သုံးနှုန်းပြီး ပြည်သူများ ဒုက္ခရောက်ရပုံကို "မောဟိုက်" ဟူသော စကားလုံးကပြပါသည်။ တွဲစပ်သုံးနှုန်းသော စကားလုံးတို့သည် အဓိပ္ပာယ်တူညီနီးစပ်မှုရှိပြီး စာဆို၏ ဆိုလိုချက်ကို ပိုမိုလေးနက်စေပါသည်။

ဤကဗျာပါ ဇာတ်ဆောင်သိကြားမင်းသည် တစ်ကယ့်သိကြားအစစ်အမှန်လား၊ မည်သူ့ကို ဆိုလိုပါသနည်းဟု တွေးတောစရာ ဖြစ်လာပါသည်။ သိကြားမင်းသည် မိမိတာဝန်များကို မေ့လျော့ပြီး တာဝန်ပျက်ကွက်သည့်အတွက် "တံခွန်တိုင်သိကြားထင့်လေး" ဟူ၍ သရော်ထားပုံမှာထိမိလှပါသည်။

ဤတေးထပ်တွင် သိကြားမင်းကို "ရှင်မာဃ၊ဖုန်း၊ သိကြားမင်း၊တံခွန်တိုင်သိကြား" ဟူ၍ ဝေါဟာရကြွယ်ဝစွာ အမျိုးမျိုးလဲလှယ်သုံးစွဲခဲ့ပါသည်။

တေးထပ်အစတွင် —

"သည်လူသည်ဘဝ ရှင်မာဃနေနိုင်"

ဟုအစချီထားပြီး တေးထပ်အဆုံးတွင်–

"သည်လောက်တောင်၊ အပျင်းနိုင်လျှင်

တံခွန်တိုင်သိကြားထင့်လေး"

ဟူ၍ ချိတ်ဆက်ကာ ဆက်စပ်တင်ပြထားပါသည်။

စာဆိုဦးပုညသည် အတွေးကောင်း၊ အရေးကောင်းကာ ထိမိလေးနက်သော စကားသုံးတို့ဖြင့်တန်ဆာဆင်ရေးဖွဲ့ထားသည့် ခေတ်အရိပ်ထင်ဟပ်နေသောကဗျာကောင်းတစ်ပုဒ် ဖြစ်ပါသည်။

တွေးချင့်ပါဦး တေးထပ်တွင် ပြည်သူပြည်သားများ၏ ဘဝအခြေအနေနှင့် ခံစားချက်၊ မျှော်လင့်ချက်တို့ကို ဖော်ပြထားပါသည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးများသည် အရေးအကြောင်း ရှိလျှင် သိကြားမင်းကို တိုင်တည်ကြပါသည်။ အားကိုးကြပါသည်။

"သည်ပုဝန် ရှင်းတဲ့အောင်၊ ဆင်းခဲ့ပါမြန်မြန်

ဝါသဝ ဖုန်းလှဲ့ငယ်၊ မုန်းမာန်တော်ပိုပွား

လေးသူဇာမြတ်သခင်ငယ်၊နတ်သဘင်ကျင်းခိုက်မို့လား" (စာ၁၁၂)

တိုင်းသူပြည်သားများ၏ သောကအပူများ ရှင်းလင်းသွားအောင်၊ ပြေပျောက်သွားအောင်၊ မြန်မြန်ဆင်းခဲ့စေလိုကြောင်း ဖိတ်ခေါ်လိုက်ပါသည်။ သိကြားမင်းလူ့ပြည်သို့ ဆင်းမလာရခြင်းမှာ မိမိတို့ကို မုန်းမာန်တော်ပို၍နေပေလား၊ နတ်မိဖုရားကြီးတို့နှင့်ဆိုင်သောကိစ္စများ ဆောင်ရွက်နေခြင်းကြောင့်လား၊ သို့တည်းမဟုတ် နတ်သဘင်အစည်းအဝေး ဆင်ယင်ကျင်းပနေခြင်း ကြောင့်လားဟု မေးခွန်းထုတ်လိုက်ပါသည်။

ပြည်သူပြည်သားများ၏ ဆင်းရဲမှု၊ ဘဝဒုက္ခများကို အရေးတယူမပြုဘဲ နေသည်မှာ စိတ်ထွေပြား နေ၍လား၊ နိုပ်စက်ချင်၍ တမင်ဂရုမစိုက်ခြင်းလားဟူ၍ ညည်းညူလိုက်ပါသည်။ ရာထူးဂုဏ်သိန်ကြီးမားသူများကိုသာ မျက်နှာလိုက်၍ အရေးယူတယူပြု ဂရုစိုက်နေခြင်းဖြစ်သည်ဟု အပြစ်တင် ဝေဖန်လိုက်ပါသည်။

"ရေးမမူနေတာများကဖြင့်၊ ထွေပြားပေ့ထိပ်တင်
နှိပ်စက်ဉာဏ်ဖိစီး၊ မျက်နှာကြီးလိုက်ပါပေ့ရှင့်
ဇရာဝဏ်သခင်ငယ်၊ ရှုမြင်တော်မူလာပဲနှင့်" (စာ–၁၁၂)

ဟူ၍ သိကြားမင်းလူ့ပြည်သို့ ဆင်းမလာသည့်အကြောင်းရင်းများကို ဖော်ထုတ်လိုက်ပါသည်။

သိကြားမင်းအမည်ကို ခံယူထားလျှင် ပြည်သူပြည်သားများဘဝ ဒုက္ခအစုံစုံကို သိမြင်ပြီး ကူညီစောင့်ရှောက်ရမည့် တာဝန်ရှိကာ အဓိဋ္ဌာန်နှင့်လူ့ပြည်ကို ကြည့်ရှုပြီး အကူအညီလိုသူများကို အမြဲစောင့်ရှောက်သင့်ကြောင်း ၊ အလေးဂရုပြုသင့်ပါကြောင်းကို–

"သိကြားလို တံဆိပ်ခံလျှင်
ဓိဋ္ဌာန်ရာ မြော်မြဲပလေး" (စာ ၁၁၂)

ဟူ၍ သိကြားမင်းကို သတိပေးအပြစ်တင်ရေးဖွဲ့ထားသည်။

သိကြားမင်းကြီးသည် မိမိကိုယ်ရေးကိုယ်တာ အလုပ်များကိုသာ ဦးစားပေးပြီး ဆောင်ရွက်နေသဖြင့် တိုင်းသူပြည်သားများကို စောင့်ရှောက်ရမည့်တာဝန်များ ပျက်ကွက်နေကြောင်း သတိပေးထားခြင်း ဖြစ်ပါသည်။

"သည်ပူဝန်ရှင်းတဲ့အောင်၊ ဆင်းခဲ့ပါမြန်မြန်" (စာ ၁၁၂)

ဟူ၍ မြန်မြန်ဆင်းလာခဲ့စေလိုကြောင်း ပြောဟန်ဖြင့် တင်ပြသည်။ အဘယ့်ကြောင့် မြန်မြန်ဆင်းခဲ့စေလိုပါသနည်း။ မည်သည့်အရေးကြီးကိစ္စများရှိနေပါသနည်း ဟူသည့် အတွေးစိတ်ကူးများ ဖြစ်ပေါ်စေပါသည်။ သို့သော် သိကြားမင်းက ဆင်းမလာပါ။ ဆင်းမလာရသည့် အကြောင်းရင်းများကို အချက်ငါးချက်ဖြင့်တင်ပြထားပါသည်။ သိကြားမင်းလူ့ပြည်သို့ မကူညီမစောင့်ရှောက်ပုံ၊ မိဖုရားများနှင့် အချိန်ကုန်နေပုံ၊စိတ်ထွေပြား၍ မလာနိုင်ပုံ၊ နတ်သဘင်အစည်းအဝေးများနှင့် အချိန်ကုန်နေပုံ၊ နတ်ပြည်ကို မျက်နှာလိုက်ပြီးနေသည့်အတွက် လူ့ပြည်သို့မလာနိုင်ပုံ စသည့်အချက်များကို ထင်ထင်ရှားရှား မြင်တွေ့ရပါသည်။

ထို့ကြောင့် တေးထပ်အစတွင် သိကြားမင်းကို မြန်မြန်ဆင်းခဲ့ပါဟု ပြောပြီး တေးထပ်အဆုံးတွင်မူ သိကြားမင်းဟု အမည်ခံယူထားလျှင် ကိုယ့်တာဝန်ကိုယ်ကျေကိုယ့်အလုပ် ကိုယ်လုပ်ရမည်ဖြစ်ကြောင်း လူ့ပြည်ရှိဒုက္ခရောက်သူများကို ကယ်တင်ကူညီစောင့်ရှောက်ရမည် ဖြစ်ကြောင်း ချိတ်ဆက်တင်ပြထားပါသည်။ တေးထပ်အစတွင် လေသံပျော့ပျော့နှင့် ပြောဆိုပြီး အဆုံးတွင်မူ ခပ်ကြမ်းကြမ်း ထိပါးပုတ်ခတ်သံတို့ကို တွေ့မြင်ရပါသည်။

ဤတေးထပ်တွင် သိကြားမင်းကို "လေးသူဇာမြတ်သခင်"၊ "ဇရာဝဏ်သခင်"၊ "ထိပ်တင်"၊ "ဘုန်းလျှံငယ်" ဟူ၍ စကားလုံးအလဲအလှယ်ပြု၍ အမျိုးမျိုး ခေါ်ဝေါ်သုံးစွဲခဲ့ပါသည်။

တစ်ဖန်ဦးပုညသည် စကားသုံးကြွယ်ဝသူတစ်ဦးဖြစ်သောကြောင့် တွဲစပ်သည့် စကားသုံးတို့မှာ ဆိုလိုချင်သည့် အဓိပ္ပာယ်ကို ထိရောက်ထက်မြက်စေပါသည်။ သိကြားမင်း လူ့ပြည်သို့ မဆင်းသက်၍ အပြစ်တင်သည့်အနေဖြင့် "ပိုပွား"၊ "ဆွေးမှု"၊ "တွေးယူ"၊ "ရေးမမူ"၊ "ထွေပြား"၊ "နှိပ်စက်"၊ "ရှုမြင်" စသည့်အသုံးများကို သုံးနှုန်းထားပါသည်။ သုံးနှုန်းသော စကားလုံးတို့၏ အာနိသင်ကြောင့် အဓိပ္ပာယ်လေးနက်စေပါသည်။

ဤတေးထပ်သည်လည်း ပြည်သူတို့၏ ဘဝအခက်အခဲ ကျပ်တည်းမှုများကို ဖြေရှင်းပေးမည့် ကယ်တင်ရှင်ကို မျှော်လင့်စောင့်စားနေကြရသည့် အခြေအနေကို ထင်ဟပ်ရေးဖွဲ့ ထားသည့် ကဗျာကောင်းတစ်ပုဒ် ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ဦးပုညသည် စာတတ်ပေတတ်တစ်ဦးဖြစ်ပြီး နိုင်ငံရေးအမြင် ရှင်သန်သူ ပုဂ္ဂိုလ်ထူးကြီး တစ်ဦးဖြစ်ပါသည်။ နိုင်ငံတွင်းမှာ နေထိုင်ရင်း တိုင်းသူပြည်သားများ၏ ဘဝဒုက္ခကို စာနာ နားလည် ခံစားတတ်သူ ဖြစ်ပါသည်။ ထို့ကြောင့် သိကြားတိုင်တေးထပ်များဖြင့် သူ့ခံစားချက်များကို ဖွင့်ဟ ထားပါသည်။ တေးထပ်နှစ်ပုဒ်လုံးတွင် သိကြားမင်းက လူ့ပြည်ကို မကူညီဘဲ လျစ်လျူရှုပုံ၊ ကိုယ်ရေးကိုယ်တာများကိုသာ ဆောင်ရွက်နေပြီး မိမိတို့ပြုလုပ်ရမည့် အလုပ်ကိစ္စများကို ပျက်ကွက် နေပုံတို့ကို ပညာသားပါပါ ရေးဖွဲ့ထားသည်။

ရှင်းလှည့်ပါတေးထပ်တွင် သိကြားမင်းသည် လူ့ပြည်က ပြည်သူပြည်သားများ၏ အမှုကိစ္စကို သွေ့ဖည်ကာ လျစ်လျူရှုရှောင်ကွင်းနေကြောင်း၊ လူ့ပြည်သို့ ဆင်းလာပြီး ဒုက္ခရောက်ကာ ဆင်းရဲတွင်း နက်နေသည့် ပြည်သူများကို ကူညီစေလိုကြောင်း တင်ပြထားပါသည်။ တစ်ထောင်သော မျက်စိပိုင်ရှင် သိကြားမင်းက မမြင်တာ၊ မသိတာ မရှိသူဖြစ်လျက် လူ့ပြည်ကို မေ့လျော့ထားခြင်းသည် မျက်စိမှုန်သီ နေ၍လား၊ နတ်စည်းစိမ်ခံစားပြီး အပျင်းထူနေ၍လား၊ နတ်ပြည်က သိကြားမင်းအစစ်မဟုတ်ဘဲ တံခွန်တိုင်က သိကြားအတု၊ အရုပ်သိကြား ဖြစ်နေ၍လားဟူ၍ သိကြားမင်းကို အပြစ်တင်၍ သရော်ထားခြင်း ဖြစ်ပါသည်။

တွေးချင့်ပါဦး တေးထပ်တွင် တိုင်းသူပြည်သားများ၏ ပူပင်သောကများ၊ အခက်အခဲများ ကို အရေးတယူဆောင်ရွက်ပေးစေလိုကြောင်း အားကိုးစိတ်နှင့်တိုင်တည်ရေးဖွဲ့ထားပါသည်။ ဤတေးထပ် တွင်လည်း သိကြားမင်းသည် နတ်သဘင်အစည်းအဝေးကျင်းပနေ၍ မလာနိုင်ခြင်းလား၊ စိတ်ထွေပြား နေ၍လား၊နတ်ပြည်မှာပဲနေမည်ဆိုပြီး နတ်သမီးနတ်သားများကို မျက်နှာလိုက်နေ၍လား ဆိုသည့် ခနဲ့စကားများ၊ ကလိသည့်စကားလုံးများဖြင့် ရေးဖွဲ့ထားခဲ့သည်။

အလေ့လာခံ တေးထပ်နှစ်ပုဒ်လုံးသည် ပြည်သူတို့၏ ဘဝဒုက္ခကို ဖော်ပြထားခြင်းဖြစ်သည်။ ထိုတေးထပ်များကို စာဆိုဦးပုညသည် ကဗျာ၏နောက်ခံအင်အားနှင့် စကားလုံး၏ အင်အား နှစ်မျိုးလုံးကို ထင်ရှားပေါ်လွင်အောင် ချိတ်ဆက်တင်ပြထားပါသည်။ ဤတေးထပ်များကို ပုံဖော်ရာတွင် ဦးပုည၏ကလောင်သွားမှာ ထက်မြက်လွန်းလှပါသည်။ ဦးပုည၏ အတွေးမှာ ထူးခြားသလောက် အတွေးကို ပုံဖော်ရာတွင်လည်း စကားလုံးကျစ်လျစ်ခြင်း၊ စကားသုံး မှန်ကန် ခြင်း၊ စကားလုံးပြောင်မြောက်ခြင်း၊ စကားလုံးအသုံးထူးခြင်း စသည့်ထူးခြားသည့် အရေးအဖွဲ့ စွမ်းရည် တို့ကို မြင်တွေ့နိုင်ပါသည်။ ထို့ကြောင့် ယခုအချိန်အထိ နာမည်မသေသော စာဆိုများ စာရင်းတွင် ဦးပုညက ထိပ်ဆုံးက ပါဝင်နေခြင်းပင် ဖြစ်ပါသည်။

## နိဂုံး

ဦးပုည၏သိကြားတိုင်တေးထပ်များသည် ဆိုလိုသည့်အဓိပ္ပာယ် ထူးခြားနိုင်သည်သာမက ပြောင်မြောက်သည့် အရေးအဖွဲ့ စွမ်းရည်တို့ကြောင့် ယခုတိုင် ထင်ရှားနေရဆဲ ဖြစ်ပါသည်။



### ကျေးဇူးတင်လွှာ

ဤစာတမ်း ဖြစ်မြောက်ရေးအတွက် ကူညီပေးပါသော မြန်မာစာဌာန၊ ပါမောက္ခ(ဌာနမှူး) ဒေါက်တာတင်တင်ရွှေ၊ ပါမောက္ခ ဒေါက်တာသက်အုန်းမြင့်နှင့် ဟင်္သာတတက္ကသိုလ် သုတေသန ဂျာနယ် ဖြစ်မြောက်ရေးအဖွဲ့တို့ကို ကျေးဇူးတင်ရှိပါသည်။

## ကျမ်းကိုးစာရင်း


ကျော်ရင်၊ဦး၊ပုပ္ပား။ (၂၀၁၆)။ ***ကဝိဘာရတီကျမ်း။*** (ဒုတိယကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချိုအနုပညာ။

တင်၊ဦး၊ပုဂံဝန်ထောက်။ (၂၀၀၃)။ ***ကဗျာဗန္ဓသာရကျမ်း။*** ရန်ကုန်၊ စိတ်ကူးချိုချိုအနုပညာ။

တင်ထွေး။ (၁၉၉၁)။ ***ဦးပုည၏စာပန်းကုံးများ။*** (ဒုတိယကြိမ်)။ ရန်ကုန်၊ သတင်းနှင့်စာနယ်ဇင်း။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်။*** ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

သုတ၊မောင်။ (၂၀၀၂)။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ။*** (ပဉ္စမအကြိမ်)။ ခင်မင်၊မောင်(ဓနုဖြူ)၊ ရန်ကုန်၊ လောကစာပေ။